# ISP-MYANMAR


www.ISPMyanmar.com

5 October, 2021

# WHAT MATTERS

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၂)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ




● အာဏာသိမ်းစစ်ကောင်စီနှင့် တိုင်းရင်းသား လက်နက်ကိုင်များအကြား ဖြစ်ပွားမှု

● တိုင်းရင်းသား လက်နက်ကိုင်များ အချင်းချင်း ဖြစ်ပွားမှု

● အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ အကြား ဖြစ်ပွားမှု

### ■ တိုက်ပွဲဖြစ်ခဲ့သော နေရာများ


**၂၀၂၁ ခုနှစ် ဇူလိုင် ၁ မှ စက်တင်ဘာ ၃၀ ရက်အတွင်း** မြန်မာနိုင်ငံအနှံ့ ဖြစ်ပွားခဲ့သော တိုက်ပွဲများ၏ တည်နေရာပြမြေပုံ ဖြစ်ပါသည်။ တိုက်ပွဲအမျိုးအစားအားဖြင့် သုံးမျိုးခွဲခြားထားပြီး အာဏာသိမ်း စစ်ကောင်စီနှင့် တိုင်းရင်းသား လက်နက်ကိုင်များအကြား ဖြစ်ပွားသော တိုက်ပွဲများ၊ တိုင်းရင်းသားလက်နက်ကိုင်အချင်းချင်း ဖြစ်ပွားသောတိုက်ပွဲများ၊ အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအကြား ဖြစ်ပွားသော တိုက်ပွဲများဟူ၍ ဖြစ်သည်။ ယခုပြသထားသည့် တည်နေရာများသည် တိုက်ပွဲဖြစ်ပွားခဲ့ရာ မြို့နယ်များ၏ တည်နေရာကိုသာ ဖော်ပြထားခြင်းဖြစ်ပါသည်။ မြို့နယ်တခုတွင် အနည်းဆုံး တိုက်ပွဲတကြိမ်စီ ဖြစ်ခဲ့ပြီး တကြိမ်မကဖြစ်ခဲ့သော မြို့နယ်များလည်း ပါရှိပါသည်။ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၈ ရက်က ဖော်ပြခဲ့သောအချက်အလက်များနှင့်နှိုင်းယှဉ်ပါက (**အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၄၇ ကိုရှုပါ**) အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအကြား ဖြစ်နေသည့် တိုက်ပွဲများ ပိုများလာသည်ကို တွေ့နိုင်ပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၂)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### တိုက်ပွဲများ၊ အပြန်အလှန်ပစ်ခတ်မှုများနှင့် အရပ်သားသေဆုံးမှုများ





၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း စက်တင်ဘာအထိ မြန်မာနိုင်ငံအနှံ့ဖြစ်ခဲ့သော တိုက်ပွဲများ၊ အပြန်အလှန်ပစ်ခတ်မှုများနှင့် အရပ်သားသေဆုံးမှုများ ဖြစ်ပါသည်။ ရှစ်လတာကာလအတွင်း တိုက်ပွဲနှင့် အပြန်အလှန်ပစ်ခတ်မှု ၁,၁၅၄ ကြိမ်ထက်မနည်း ရှိခဲ့ပြီး အရပ်သား သေဆုံးမှု ၂၀၈ ဦးထက်မနည်း ရှိခဲ့ပါသည်။ တိုက်ပွဲနှင့် အပြန်အလှန်ပစ်ခတ်မှုများသည် မေတွင် အများဆုံးဖြစ်ခဲ့ပြီး ၂၃၁ ကြိမ်ထက်မနည်း ရှိခဲ့သည်။ အရပ်သားများသေဆုံးမှုသည် ဇွန်တွင် အများဆုံးဖြစ်ခဲ့သည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၂)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် အာဏာသိမ်းစစ်ကောင်စီအကြားဖြစ်ပွားသော ပစ်ခတ်တိုက်ခိုက်မှုများနှင့် အရပ်သားသေဆုံးမှုများ





၂၀၂၁ ခုနှစ် ဧပြီမှစ၍ အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသအချို့ရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကြားတွင်လည်း အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိပြီး ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ အထိစုစုပေါင်း ၁၅၇ ကြိမ်ထက်မနည်း ဖြစ်ခဲ့သည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က စက်တင်ဘာ ၇ ရက်တွင် ခုခံတွန်းလှန်စစ် ကြေညာပြီးနောက်ပိုင်း တိုက်ပွဲဖြစ်ပွားမှု ပိုမိုမြင့်တက်ခဲ့သည်။ စက်တင်ဘာတလအတွင်း အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှု ၅၆ ကြိမ်ထက်မနည်းဖြစ်ခဲ့ပြီး ခြောက်လတာကာလတလျှောက် အကြိမ်ရေအများဆုံးဖြစ်ခဲ့ပါသည်။ ထိုတိုက်ပွဲများကြောင့် အရပ်သားပြည်သူ ၃၈ ဦးထက် မနည်း သေဆုံးခဲ့သည်။ **ယခုဖော်ပြပါ အချက်အလက်များသည် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများအတွင်း အရပ်သားသေဆုံးရမှုနှင့် ထိခိုက်ဒဏ်ရာရရှိသူစာရင်းကိုသာ ကောက်ယူထားခြင်းဖြစ်ပြီး နှစ်ဖက်တပ်ဖွဲ့များ၏ ကျဆုံး၊ ထိခိုက်ဒဏ်ရာရစာရင်းကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။**

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၂)

တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်နယ်မြေများအတွင်း ဖြစ်ပွားသောတိုက်ပွဲများ




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက်ပိုင်း စက်တင်ဘာ ၃၀ အထိ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်း အစရှိသော တိုင်းရင်းသားဒေသများတွင် တိုက်ပွဲဖြစ်ပွားမှု စုစုပေါင်း ၉၉၇ ကြိမ်ထက်မနည်း ရှိခဲ့သည်။ မေလအတွင်း တိုက်ပွဲဖြစ်ပွားမှု အများဆုံးဖြစ်ခဲ့ပြီး ၂၁၈ ကြိမ် ထက်မနည်း ရှိခဲ့သည်။ တိုက်ပွဲအများစုမှာ ကရင်အမျိုးသား အစည်းအရုံး (KNU) နယ်မြေများအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ KNU ၏ ထုတ်ပြန်ချက်ကို ကိုးကားထားသည့် KIC သတင်းဌာန၏ ဖော်ပြချက်အရ KNU တပ်မဟာ(၅)နယ်မြေအတွင်း စက်တင်ဘာ ၁ ရက်မှ ၁၅ ရက်အတွင်း စစ်ကောင်စီနှင့် KNU တို့အကြား တိုက်ပွဲဖြစ်ပွားမှုအကြိမ်ရေ ၁၂၂ ကြိမ်ရှိခဲ့ကြောင်း သိရသည်။


ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

5 October, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၂)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### တိုက်ပွဲများနှင့် အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုများကြောင့် သေဆုံးခဲ့ရသော အရပ်သားပြည်သူများ




၂၀၂၁ ဖေဖော်ဝါရီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့် အကြမ်းဖက်ဖြိုခွင်းမှုများကြောင့် သေဆုံးခဲ့ရသည့် အရပ်သားပြည်သူအရေအတွက်မှာ ၁,၃၅၄ ဦးထက်မနည်း ရှိခဲ့သည်။ တိုက်ပွဲများနှင့် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့ရသည့် အရပ်သားပြည်သူ ၂၀၈ ဦးထက်မနည်း ရှိသည်။ ထို့အပြင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ စက်တင်ဘာ ၃၀ ရက် စာရင်းအရ စစ်ကောင်စီ၏ အကြမ်းဖက်ဖြိုခွဲမှုနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးရသူ အရေအတွက်မှာလည်း ၁,၁၄၆ ဦးထက်မနည်း ရှိနေပါသည်။


ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

5 October, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၂)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ထုတ်ပြန်သော အချက်အလက်များ





ယခုဖော်ပြပါ အချက်အလက်များသည် ၂၀၂၁ ခုနှစ် ဇွန်မှ စက်တင်ဘာ ၂၀ ရက်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲနှင့် ပဋိပက္ခဖြစ်စဉ်များအပေါ် မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ကိန်းဂဏန်းအချက်အလက် ထုတ်ပြန်ချက်များကို စုစည်းဖော်ပြထားခြင်း ဖြစ်သည်။ အဆိုပါ အချက်အလက်များအရ ဇွန်မှ စက်တင်ဘာ ၂၀ ရက်အတွင်း တိုက်ပွဲနှင့် ပဋိပက္ခဖြစ်စဉ်ပေါင်း ၁,၅၉၅ ကြိမ် ဖြစ်ပွားခဲ့သည်ဟု ဆိုပါသည်။ တိုက်ပွဲနှင့် ပဋိပက္ခဖြစ်စဉ်များဟု ဆိုရာတွင် လက်နက်ကိုင်တိုက်ပွဲများ၊ အရပ်သားများအပေါ် အကြမ်းဖက်မှုများ၊ ပေါက်ကွဲမှုများ၊ လုပ်ကြံခံရမှုများ စသဖြင့်ပါဝင်ကြောင်း ဖော်ပြထားသည်။ ၂၀၂၁ ဇွန်မှ စက်တင်ဘာ ၂၀ ရက်အထိ အဆိုပါ ဖြစ်စဉ်များကြောင့် သေဆုံးခဲ့ရသည့် အရပ်သားပြည်သူ စုစုပေါင်း ၅၂၄ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၂၅၃ ဦး ရှိခဲ့ကြောင်း၊ စစ်ကောင်စီဘက်မှ သေဆုံးရသူ အရေအတွက်မှာလည်း ၂,၁၅၅ ဦး အထိရှိကြောင်း သိရပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များကို စုစည်းဖော်ပြထားခြင်းဖြစ်သည်။
ဖော်ပြပါ အချက်အလက်များအတွက် လွတ်လပ်သောအဖွဲ့အစည်းများ၏ သီးခြားအတည်ပြုချက် မရှိပါ။

5 October, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၂)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ




### ဇွန်မှ စက်တင်ဘာလအတွင်း နေအိမ် မီးရှို့ဖျက်ဆီးခံခဲ့ရသော ကျေးရွာများတည်နေရာ

၂၀၂၁ ခုနှစ် ဇွန်မှ စက်တင်ဘာအထိ ဖြစ်ပွားခဲ့သော တိုက်ပွဲနှင့် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများအတွင်း အရပ်သား ပြည်သူများ၏ နေအိမ်များ မီးရှို့ဖျက်ဆီးခံခဲ့ရသည့်ဖြစ်စဉ်များ ရှိခဲ့သည်။ ၎င်းတို့အနက် လက်လှမ်းမီသမျှ မြို့နယ်နှင့် ကျေးရွာများ၏ တည်နေရာကို ယခုမြေပုံတွင် ဖော်ပြထားပါသည်။ မီးရှို့မှုကို စစ်ကောင်စီဘက်က လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြကြပြီး၊ အိမ်ခြေ ၂၄၀ ကျော် အနက် ၂၀၀ ခန့် မီးလောင်ကျွမ်းခဲ့သော ကင်းမရွာဖြစ်စဉ်ကိုမူ စစ်ကောင်စီက ငြင်းဆန်ထားပါသည်။ လေးလတာကာလအတွင်း ကျေးလက်ဒေသမှ အရပ်သား ပြည်သူများ၏ နေအိမ် ၄၁၈ လုံးထက်မနည်း မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ အများစုမှာ မကွေးတိုင်းအတွင်းမှ ကျေးရွာများဖြစ်ပြီး စုစုပေါင်း နေအိမ် ၃၂၁ လုံးထက်မနည်း မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ ထို့အတူ ချင်းပြည်နယ်၊ ထန်တလန်မြို့ရှိ နေအိမ် ၂၀ ခန့်မှာလည်း စစ်ကောင်စီဘက်ကပစ်ခတ်သော လက်နက်ကြီးကျည် ကျရောက်ပြီး မီးလောင်ကျွမ်းခဲ့ရသည့်အပြင် မြို့နေလူဦးရေ ၈,၀၀၀ ကျော် (မြို့တွင်နေထိုင်သူ အားလုံးနီးပါး)မှာလည်း နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရသည်။ ထို့အပြင် ကယားပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ ကျေးရွာအချို့လည်း မီးရှို့ခံခဲ့ရပါသည်။ ယခုဖော်ပြပါ အချက်အလက်များသည် မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်ကို ကိုးကားထားခြင်း ဖြစ်ပြီး လက်တွေ့ မြေပြင်အနေအထားတွင်မူ ယခုထက် ပိုမိုများပြားနိုင်ပါသည်။


ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

5 October, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၂)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### နေရပ်စွန့်ခွာ ဒုက္ခသည်များ



စစ်အာဏာသိမ်းပြီးနောက်
တိုးလာသော စစ်ပြေးဒုက္ခသည်
အရေအတွက်

**၃၀၀,၅၅၆+**

အာဏာသိမ်းစစ်ကောင်စီ၏
တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာ
ထွက်ပြေးနေရသည့် ပြည်တွင်း
စစ်ပြေးဒုက္ခသည်များဖြစ်ပြီး
ကယားပြည်နယ်တခုတည်း၌
၁၁၀,၀၀၀ ကျော် ရှိနေသည်။

ယခင်ရှိထားသော
စစ်ပြေးဒုက္ခသည် အရေအတွက်

**၄၉၇,၅၀၀+**

ဘင်္ဂလားဒေ့ရှ်နှင့်ထိုင်းနယ်စပ်ရှိ
ပြည်ပဒုက္ခသည် အရေအတွက်

**၉၇၂,၀၀၀+**

မြန်မာ-ထိုင်းနယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင်
မြန်မာနိုင်ငံမှ နေရပ်စွန့်ခွာလာရသူ စစ်ပြေးဒုက္ခသည်ပေါင်း
၉၂,၀၀၀ ကျော် ရှိနေပြီး၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်၊
ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းတွင်လည်း ရိုဟင်ဂျာဒုက္ခသည်
၈၈၀,၀၀၀ ကျော် ရှိနေသည်။


လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်ရသူ စစ်ပြေးဒုက္ခသည် အရေအတွက်သည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် စက်တင်ဘာအထိ စုစုပေါင်း ၇၉၈,၀၅၆ ကျော် ရှိလာသည်။ အဆိုပါ ပမာဏအနက် ၃၀၀,၅၅၆ ကျော်မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ စစ်အာဏာသိမ်းပြီးနောက် တိုးလာသည့်အရေအတွက်ဖြစ်သည်။ ဖေဖော်ဝါရီ ၁ ရက်မှ စက်တင်ဘာ ၈ ရက်အထိ စစ်ပြေးဒုက္ခသည် အရေအတွက် ၂၇၀,၁၅၆ ကျော် (**အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၄၇ ကိုရှု**) ရှိခဲ့ရာမှ ယခု ၃၀၀,၅၅၆ ကျော်အထိ ရှိလာသဖြင့် ယခုတပတ်အတွင်း ၃၀,၄၀၀ ကျော် တိုးလာခဲ့ခြင်းဖြစ်သည်။ စက်တင်ဘာ ဒုတိယပတ်အတွင်း ချင်းပြည်နယ်အတွင်း ဒေသခံပြည်သူ ၂၀,၀၀၀ ကျော်၊ မကွေးတိုင်းမှ ၇,၉၀၀ ကျော်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၂,၃၀၀ ကျော်၊ ကချင်ပြည်နယ်မှ ၂၀၀ ကျော် ထပ်မံ၍ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို
အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၂)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဒေသအလိုက်တိုးလာသည့် စစ်ပြေးဒုက္ခသည်အရေအတွက်





စစ်အာဏာသိမ်းပြီးနောက် စစ်ကောင်စီနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တို့အကြား တိုက်ပွဲများ ပြင်းထန်လာသည့်အပြင် ဒေသအသီးသီးမှ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် အာဏာသိမ်းစစ်ကောင်စီတို့အကြား အပြန်အလှန်ပစ်ခတ်မှုများလည်း ရှိလာပါသည်။ အဆိုပါအခြေအနေများကြောင့် နေရပ်စွန့်ခွာထွက်ပြေးရသူ ဒုက္ခသည်များတိုးလာပြီး ရှစ်လတာကာလအတွင်း စုစုပေါင်း ၃၀၀,၅၅၆ ဦးကျော်အထိ ရှိခဲ့သည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ပြေးဒုက္ခအများဆုံး ရှိလာသည့် ဒေသမှာ ကယားပြည်နယ်ဖြစ်ပြီး စုစုပေါင်း ၁၁၀,၂၀၀ ကျော် ရှိနေသည်။ ထို့အတူ ယခင်က စစ်ပြေးဒုက္ခသည်မရှိခဲ့သော စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင်လည်း စစ်ပြေးဒုက္ခသည်များ ရှိလာသည်။ ချင်းပြည်နယ်တွင်လည်း စစ်ပြေးဒုက္ခသည်အရေအတွက် ဆက်တိုးနေပြီး စက်တင်ဘာ တတိယပတ်အတွင်း ဖြစ်ခဲ့သော တိုက်ပွဲများကြောင့် ထန်တလန်နှင့် ဟားခါးမြို့နယ်နှစ်ခုမှ ဒေသခံပြည်သူ ၂၀,၀၀၀ ကျော်ခန့် နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၂)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ




### ■ ဇူလိုင်မှ စက်တင်ဘာလအတွင်း တိုးလာသည့် စစ်ပြေးဒုက္ခသည်များ တည်နေရာ

၂၀၂၁ ခုနှစ် ဇူလိုင်မှ စက်တင်ဘာ သုံးလအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ၊ အပြန်အလှန် ပစ်ခတ်မှုများကြောင့် တိုးလာသည့် စစ်ပြေးဒုက္ခသည်များ၏ တည်နေရာပြမြေပုံ ဖြစ်ပါသည်။ စစ်ကောင်စီနှင့် တိုင်းရင်းသား လက်နက်ကိုင်တို့အကြား ဖြစ်ပွားသော တိုက်ပွဲများ၊ တိုင်းရင်းသားလက်နက်ကိုင် အချင်းချင်းဖြစ်ပွားသော တိုက်ပွဲများ၊ အာဏာသိမ်း စစ်ကောင်စီနှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ တို့အကြား ဖြစ်ပွားသော တိုက်ပွဲများကြောင့် ထပ်မံ၍ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရခြင်းဖြစ်သည်။ ယခုဖော်ပြထားသော တည်နေရာများသည် ဒုက္ခသည်များ နေရပ်စွန့်ခွာခဲ့ရသည့် မြို့နယ် တည်နေရာများကို ဖော်ပြထားခြင်းဖြစ်သည်။ အဆိုပါ အချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို ကိုးကားထားခြင်းဖြစ်ပြီး လက်တွေ့မြေပြင်အနေအထားတွင် ယခုထက် ပိုမိုများပြားနိုင်သည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၂)
## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### စစ်ပြေးဒုက္ခသည်များ အခြေအနေ (ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ)

**ချင်းပြည်နယ်**

စက်တင်ဘာလအတွင်း ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၌ ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် စစ်ကောင်စီတို့အကြား စစ်ရေးအရ ထိပ်တိုက်တွေ့ဆုံမှုများ ပြင်းထန်ခဲ့သည်။ စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အတွင်း စစ်ကောင်စီဘက်မှ ထန်တလန်မြို့အတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုများရှိခဲ့သည်။ အလားတူ စစ်ကောင်စီမှ စက်တင်ဘာ ၂၀ ရက်တွင်လည်း ဟားခါးမြို့အတွင်းသို့လည်း လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ဤကဲ့သို့ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ထန်တလန်မြို့မှာ မြို့လုံးကျွတ်နီးပါး ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပြီး ဟားခါးမြို့နယ်မှ ဒေသခံပြည်သူများမှာလည်း ဘေးလွတ်ရာသို့ တိမ်းရှောင်ခဲ့ကြရသည်။ အဆိုပါ မြို့နယ်နှစ်မြို့နယ်မှ ထွက်ပြေးတိမ်းရှောင်နေရသူ စုစုပေါင်းအရေအတွက်မှာ ၂၀,၀၀၀ ကျော်ထက်မနည်း ရှိခဲ့ကြောင်း သိရပါသည်။

---

**မကွေးတိုင်း**

စက်တင်ဘာ ၉ ရက်နှင့် ၁၀ ရက်များတွင် မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်အတွင်း ကျေးရွာအချို့သို့ စစ်ကောင်စီဘက်မှ ဝင်ရောက်စီးနင်းမှုများ၊ မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် စစ်ကောင်စီတို့အကြား အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများလည်း ဖြစ်ပွားခဲ့သည်။ ဂန့်ဂေါမြို့နယ်အတွင်းရှိ မြင်သားရွာနှင့် နှင်းခါးရွာတို့သည် စစ်ကောင်စီ၏ ဝင်ရောက်စီးနင်းမှုနှင့် မီးရှို့ဖျက်ဆီးခြင်းကို ခံခဲ့ရသည်။ မြင်သားရွာမှ လူဦးရေ ၃,၆၀၀ ကျော်နှင့် နှင်းခါးရွာမှ လူဦးရေ ၄,၀၀၀ ကျော်တို့သည် ဘေးလွတ်ရာသို့ တိမ်းရှောင်ခဲ့ပြီး ရွာလုံးကျွတ်နီးပါး ထွက်ပြေးခဲ့ရခြင်း ဖြစ်ပါသည်။ အလားတူ စက်တင်ဘာ ၉ ရက်တွင် တောင်တွင်းကြီးမြို့ရှိ ဘန်ကုန်းဆည်ပတ်ဝန်းကျင်သို့ စစ်ကောင်စီဘက်မှ ဝင်ရောက်ရှာဖွေပစ်ခတ်မှုများရှိခဲ့သည်။ အဆိုပါဒေသမှ ဒေသခံပြည်သူ ၃၀၀ ကျော်မှာလည်း ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

---

**ရှမ်းပြည်နယ်
(တောင်ပိုင်း)**

စက်တင်ဘာလအတွင်းတွင် ရှမ်းပြည်နယ်၌ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချင်းချင်းအကြား တိုက်ပွဲများလည်း ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ RCSS/SSA နှင့် SSPP/SSA တို့အကြား တိုက်ပွဲဖြစ်ပွားမှု ဆက်လက်မြင့်တက်နေဆဲဖြစ်သည်။ စက်တင်ဘာ ၁၄ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ်၊ ဟိုခဲကျေးရွာအုပ်စု၊ နမ့်အွမ့်ကျေးရွာအနီး အဆိုပါတပ်ဖွဲ့နှစ်ဖွဲ့တို့အကြား တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ အနီးအနားရှိ ဒေသခံပြည်သူ ၂,၃၀၀ ကျော်မှာလည်း ဘေးလွတ်ရာနေရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို
အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။